the voice of spring

5.7.2021 · Monday · No . 71 · Daily News Pamphlet

## အမှတ်(၁၄)စစ်မြေပြင်တပ်ရင်းမှ ခွဲစိတ်ပါရဂူဗိုလ်ကြီး မင်းမောင်မောင် CDM ပြုလုပ်၍ ပြည်သူဘက်ပါဝင်ခဲ့

သတင်းတို

ရင်းမြစ် – RFA မှ

## စစ်အာဏာသိမ်းအပြီး စစ်အုပ်စုက သတင်းထောက် (၉၄)ဦးကို ဖမ်းဆီးခဲ့ပြီး မီဒီယာဌာန(၈)ခုပိတ်သိမ်းခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

## အကြမ်းဖက်စစ်အုပ်စုက သတင်းပေးဒလန်များနှင့်အတူ အင်အား(၁၅၀)ခန့်ဖြင့် ဒီပဲယင်းမြို့နယ်၊ အနောက်ဘက်ရှိ ကျေးရွာများသို့ ဝင်ရောက်စီးနင်းပြီး လက်နက်ကြီးများနှင့် အဆက်မပြတ် ပစ်ခတ်မှုကြောင့် ကျေးရွာ(၁၁)ရွာမှ ဒေသခံ(၆၀၀၀)ကျော်ခန့် နေရပ်စွန့်ခွာ ထွက်ပြေးနေကြရပြီး ပြည်သူ(၂၀)ကျော် ကျဆုံးခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – နွေဦးအသံ မှ

## ဖမ်းဆီးဖြိုခွဲမှုများအကြားက ပြောက်ကျားသပိတ်စစ်ကြောင်းများကို နေ့စဉ်မပြတ် ပြုလုပ်ခဲ့ကြ






ဂျူလိုင်လ(၄)ရက်၊ မန္တလေးမြို့တွင် ပြုလုပ်ခဲ့သည့် မန္တလေးတက္ကသိုလ်များသပိတ်စစ်ကြောင်း၊ စက်မှုသပိတ်စစ်ကြောင်းနှင့် အင်ဂျီနီယာသပိတ်စစ်ကြောင်းတို့ကို အသီးသီးတွေ့မြင်ရစဉ် -(ဓါတ်ပုံ – CJ )

## လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာရှေ့နေကြီးများအသင်း International Bar Association က နိုင်ငံတော်သမ္မတကြီးဦးဝင်းမြင့်နှင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုမှ ရုံးတင်မှုအတွက် ဥပဒေအရ မှန်ကန်စွာဆောင်ရွက်ခြင်း ရှိ၊ မရှိ စုံစမ်းမှုများ ပြုလုပ်ရန်အတွက် ထိပ်သီးစုံစမ်းရေးအဖွဲ့တခုကို ဖွဲ့စည်းခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – PVTV မှ

## ရွှေဘိုမြို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က စစ်သင်တန်းဆင်းပွဲအမှတ်စဉ်(၁)ကို အောင်မြင်စွာပြုလုပ်ခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – DVB မှ

## ကွတ်ခိုင်၊ မန်လုံနှင့် ကျောက်ပျဉ်ကျေးရွာကြားတွင် KIA နှင့် တိုက်ပွဲဖြစ်ပွားပြီး စစ်အုပ်စုဘက် အကျအဆုံးများခဲ့

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## ဒီပဲယင်းမြို့ တိုက်ပွဲအတွင်း စစ်အုပ်စုက ဒဏ်ရာရသူများကို မဖမ်းဘဲ မြှားခေါ်၍ လာကယ်သူများကို ပစ်ခတ်သဖြင့် PDFဘက်မှအကျအဆုံးများခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – RFA မှ

ဖေဖော်ဝါရီ(၁)ရက်မှ ဂျူလိုင်(၃)ရက်အထိ

ကျဆုံးသူဦးရေ - ၇၉၀ ဦး

အဖမ်းဆီးခံရသူဦးရေ- ၆၄၇၂ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၆၄ ဦး

ရင်းမြစ် – အေအေပီပီမှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့်ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံး၀)မရပ်တန့်စေရ။

the voice of spring
5.7.2021 · Monday · No . 71 · Daily News Pamphlet

# သတင်းမှတ်စု

ဂျူလိုင်(၄)ရက်၊ ၂၀၂၁

## အရေးတော်ပုံ မုချ အောင်ရမည်

- နိုင်ငံအတွင်း ကိုဗစ်ကူးစက်မှု မြင့်မားလာသည့်အတွက် စိုးရိမ်ကြောင်းနှင့် ပြည်သူများ ပိုမိုဂရုစိုက်ကြရန် စစ်အုပ်စုမှ မတရားဖမ်းဆီးထားသည့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နေပြည်တော် အထူးတရားရုံး၌ ယနေ့ပြုလုပ်သည့် ရုံးချိန်းတွင် ရှေ့နေများမှတဆင့် မှာကြားခဲ့။
- အမှတ်(၁၄)၊ စစ်မြေပြင်ဆေးတပ်ရင်းမှ ခွဲစိတ်ပါရဂူ ဗိုလ်ကြီးမင်းမောင်မောင်မှာ စစ်ကျွန်မခံလိုသည့်အတွက် CDM ပြုလုပ်ခဲ့။
- စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင် မွေးနေ့ဖြစ်သည့် ဂျူလိုင်လ(၃)ရက်တွင် စစ်အုပ်စု အထောက်အပံ့နှင့် အဆောက်အဦးများဖြစ်သည့် Mytel ရုံး၊ Music Zone, ရွှေမန်းသူ၊ ကမာရွတ်ရဲစခန်းနှင့် ရန်ကုန်မြို့အနှံ့တွင် ဖောက်ခွဲမှုများ ပြုလုပ်ခဲ့ကြောင်း မြို့ပြပြောက်ကျားတော်လှန်ရေးတပ်ဦး- U.G.R.F က နေ့လယ်ပိုင်းတွင် ထုတ်ပြန်အသိပေးခဲ့ဟုသိရ။
- အင်းစိန်မြို့နယ် ကမ်းနားရပ်ကွက်၊ ကမ်းနားလမ်းရှိ အောင်ဇေယျတံတား အဆင်းတွင် ရပ်ထားသည့် စစ်အုပ်စုကားအား ဗုံးပစ် ပစ်သွင်းခံရမှု နေ့လယ်(၁၂)နာရီခန့်က ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှု မဖြစ်ပွားသည့်အတွက် ထိခိုက်ဒဏ်ရာရမှု မရှိခဲ့သော်



လည်း အခင်းဖြစ်ပွားမှုအပြီးတွင် စစ်အုပ်စုက ကားခြောက်စီးဖြင့် အင်းစိန်၊ အောင်ဇေယျအိမ်ရာဝင်းအား ဝင်ရောက် စီးနင်းရှာဖွေပြီးနောက် လူငယ်အချို့ကို ဖမ်းဆီးခဲ့။
- မန္တလေးမြို့(၃၃)လမ်းရှိ ချမ်းအေးသာစံမြို့နယ် NLD ပါတီရုံးနှင့် ပုသိမ်ကြီးမြို့နယ် NLD ပါတီရုံးတို့တွင် ဂျူလိုင်(၃)ရက်၊ ည (၁၀) နာရီခန့်က ဗုံးခွဲတိုက်ခိုက်ခံခဲ့ရ။
- မြင်းခြံမြို့ အ.ထ.က (၂) ကျောင်းအနီးတွင် ဂျူလိုင်(၃)ရက်၊ ည(၇)နာရီခန့်က စစ်အုပ်စုက ပစ်ခတ်သဖြင့် ဒေသခံတဦး ထိခိုက်ဒဏ်ရာရရှိခဲ့ဟုသိရ။
- သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သုမင်္ဂလာနှင့် သရက်တောလမ်းထောင့်ရှိ NLD အစိုးရလက်ထက် အစိုးရသိမ်းထားသည့် Music Zone KTV အား စစ်အုပ်စုအာဏာသိမ်းပြီးနောက် ပြန်လည်ဖွင့်ခွင့်ပေးထားရာ




ဂျူလိုင်(၃)ရက်၊ ည (၉) နာရီခန့်က အဆိုပါ KTV ၌ ပေါက်ကွဲမှုနှစ်ကြိမ် ဖြစ်ပွားခဲ့ဟုသိရ။
- ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၉) ရပ်ကွက်၊ ကျောင်းလမ်းရှိ စစ်ကျွန်အုပ်ချုပ်ရေးမှူး ကိုယု ၏နေအိမ် ရှေ့တွင် ဖွင့်ထားသည့် အင်းလေးစတိုးဆိုင်ရှေ့၌ နံနက်(၆) နာရီမထိုးခင်က ပေါက်ကွဲမှုသုံးကြိမ် ဆက်တိုက်ဖြစ်ပွားခဲ့ပြီး လူအထိမခိုက်မရှိဟုသိရ။
- မြင်းခြံမြို့ အမှတ် (၁၉)ရှိ စစ်ကျွန်အုပ်ချုပ်ရေးမှူး အောင်မိုးသန့်ကို နံနက်(၈)နာရီခန့်က နေအိမ်တွင် ရှိနေစဉ် ထောက်ခံစာ လုပ်ချင်သူဟု ဆိုကာ ရောက်လာပြီးနောက် သေနတ်နှင့် ပစ်ခတ်သဖြင့် ဒဏ်ရာရရှိခဲ့ပြီး ယင်းပစ်ခတ်မှုမှာ မိမိတို့ ပြုလုပ်ခြင်းဖြစ်ကြောင်း Zero ပြောက်ကျားတပ်ဖွဲ့က ကြေညာခဲ့။
- လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ ရန်ကင်း(၆)လမ်းရှိ စစ်ကျွန်ရာအိမ်မှူးဦးအောင်ငွေးနိုင်မှာ ဂျူလိုင်(၃)ရက်၊ ညနေပိုင်းက အိမ်ရှေ့ရှိ ကွမ်းယာဆိုင်၌ ကွမ်းယာဝယ်နေစဉ် သေနတ်နှင့် ပစ်ခတ်ခံခဲ့ရ။
- မြင်းခြံ၊ အမှတ် (၈) ရပ်ကွက်တွင်လည်း အမှတ် (၆) ရပ်ကွက်မှ စစ်ကျွန်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး မောင်းနှင်လာသည့် ကားကို နေ့လယ်(၁၁)နာရီခန့်က သေနတ်နှင့် ပစ်ခတ်သဖြင့် အနီးရှိ ရဲစခန်းအတွင်းသို့ မောင်းပြေးဝင်ရောက်သွားသဖြင့် ထိခိုက်မှုမရှိခဲ့ဟု သိရ။
- ပဲခူးမြို့ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ်(၁၅) လမ်းရှိ ဦးသိန်းစိန်အစိုးရလက်ထက် အုပ်ချုပ်ရေးမှူးဟောင်း ဦးကျော်ကျော်ကို နံနက်ပိုင်းက ဆိုင်ကယ်စီးလာစဉ် အမည်မသိသူများက ဆိုင်ကယ်ဖြင့် လိုက်၍ သေနတ်နှင့် လိုက်လံပစ်ခတ်ခဲ့သဖြင့် ဒဏ်ရာရရှိကာ သေဆုံးခဲ့ဟုသိရ။
- ဒီပဲယင်းမြို့နယ် အနောက်ဘက်ရွာများသို့ ဂျူလိုင်လ(၂)ရက်က စစ်အုပ်စုက ဒလန်များနှင့်အတူ အင်အား(၁၅၀)ခန့်ဖြင့် ဝင်ရောက်စီးနင်း၍ လက်နက်ကြီးများနှင့် ပစ်ခတ်မှုသဖြင့် ဒေသခံ- PDF များကလည်း ပြန်လည်ခုခံခဲ့ရာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ပြည်သူဘက်မှ (၂၅) ဦးကျဆုံးခဲ့ရ။
- ရန်ကုန်၊ ရွှေပြည်သာ ဝန်ထမ်းပေါင်းစုံ သပိတ်။ မန္တလေး၊ အင်ဂျီနီယာများ သပိတ်စစ်ကြောင်း၊ မန်းလေးတကာသ၊ ချမ်းမြသာစည် သပိတ်စစ်ကြောင်း၊ တပ်ပေါင်းစု သပိတ်၊ သံဃသမဂ္ဂ။ ဘုတလင်။ ပုလဲမြို့နယ်။ မုံရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်၊ လက်ပံတောင်းတောင် ကျေးရွာများ။ ကလေးမြို့။ တန့်ဆည်။ မြိုင်။ ရေဖြူ၊ ကံပေါက်။ သရက်ချောင်း။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ် ကျေးရွာများ။ ကချင်၊ ဖားကန့် မြို့ လုံးခင်းအုပ်စု၊ တာမခန်စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများနှင့် ချီတက်ဆန္ဒဖော် ထုတ်ခဲ့ကြဟု သိရ။ ရင်းမြစ် – မဇ္ဈိမ




### ပြောက်ကျားစစ်သည်

အောင်ပန်းသပြေ
ညောင်ရေသွန်းလောင်း
ဆုတောင်းကြင်ချစ်
မြသည်းနှစ်လည်း စစ်ကိုပြင်လော့။

မိဘဘိုးဘွား
ညီများအစ်ကို
ခေတ်ကိုလည်းလှန်
စစ်ကိုလည်းကြဲ သစ္စာခံလော့။

နွံထဲကရုန်း
အတူကြုံးဝါး
အပြုံးများနဲ့
အဆုံးထိသွားမယ်။

ငါတို့တရားနဲ့
ငါတို့မြေကို ချည်ကြမယ်
ငါတို့ဓါးနဲ့
ငါတို့ပြည်ကို တည်ကြမယ်။

**လက်ရုံးညီ**